






# ချီလီနိုင်ငံဆိုင်ရာ အချက်အလက်များ









## ချီလီပြည်သူ့သမ္မတနိုင်ငံဆိုင်ရာအချက်အလက်များ

၁။ ချီလီပြည်သူ့သမ္မတနိုင်ငံသည် တောင်အမေရိကတိုက်၏အနောက်ဘက် ကမ်းရိုးတန်း တစ်လျှောက် ပစိဖိတ်သမုဒ္ဒရာနှင့် အင်န်ဒီးစ်တောင်တန်းတို့အကြားတွင်ရှိသည့် ရှည်လျား ကျဉ်းမြောင်းသည့်နိုင်ငံဖြစ်သည်။ ချီလီနိုင်ငံသည် တောင်အမေရိကတိုက်၏ ပစိဖိတ်ကမ်းခြေ ဘက်တွင်တည်ရှိပြီး ချီလီနိုင်ငံအနေအထားမှာ တောင်အမေရိကတိုက် အနောက်ကမ်းခြေကို အနားကွပ်ထားသကဲ့သို့ဖြစ်၍ မိုင်ပေါင်း ၂၆၆၁ မိုင်မျှရှည်လျားသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင် ၂၈၆၃၉၅ မိုင်ရှိသည်။




### သမိုင်းကြောင်း

၂။ လွန်ခဲ့သောနှစ်ပေါင်း ၁၀,၀၀၀ ခန့်မှစတင်ကာ ရှေးဦးအမေရိကန်မျိုးနွယ်စုတို့သည် လက်ရှိချီလီနိုင်ငံနေရာတွင် အခြေချနေထိုင်လာခဲ့သည်။ အင်ကာမျိုးနွယ်စုတို့သည် လက်ရှိ ချီလီနိုင်ငံမြောက်ပိုင်းဒေသများတွင် အင်ကာနိုင်ငံထူထောင်ခဲ့ကြသည်။ အင်ကာတို့သည်

မာပူချူမျိုးနွယ်စုတို့အား အောင်နိုင်ခဲ့ကာ ချီလီနိုင်ငံတစ်ခုလုံးအား လွှမ်းမိုးကာ အင်ကာတို့ အင်အားကြီးမားလာခဲ့သည်။

၃။ ၁၅၂၀ ပြည့်နှစ်တွင် စပိန်စွန့်စားရှာဖွေသူ Ferdinand Magellan သည် ချီလီနိုင်ငံ တောင်ပိုင်းရေလက်ကြားသို့ စတင်ရောက်ရှိလာခဲ့ကာ ချီလီနိုင်ငံအား ပထမဆုံးရှာဖွေ တွေ့ရှိသူ ဥရောပတိုက်သားဖြစ်လာခဲ့သည်။ ၁၅၃၅ ခုနှစ်တွင် Diego de Almagro သည် ၄င်း၏အဖွဲ့ဝင်များနှင့်အတူ ပီရူးမှတစ်ဆင့်ထပ်မံရောက်ရှိလာခဲ့ကာ ရွှေရှာဖွေရေး ဆောင်ရွက် ခဲ့သည်။ ၁၅၄၁ တွင် စပိန်ဘုရင် Francisco Pizarro' ၏စစ်ဗိုလ်တစ်ဦးဖြစ်သူ Pedro de Valdivia သည် ဆန်တီယာဂိုမြို့အား စတင်တည်ထောင်ခဲ့ပြီး ရွှေတူးဖော်ရောင်းဝယ်ရေး လုပ်ငန်းများအကြီးအကျယ်တိုးချဲ့လုပ်ကိုင်ခဲ့ကာ ချီလီသည် စပိန်အင်ပါယာ၏ အစိတ်အပိုင်း တစ်ရပ် ဖြစ်လာခဲ့သည်။

၄။ ၁၈၀၈ ခုနှစ်တွင် နပိုလီယံဘိုနာပတ်သည် ဥရောပတိုက်တွင် စပိန်တို့အား အောင်နိုင် ခဲ့ပြီးနောက် ၄င်း၏အစ်ကိုဖြစ်သူဂျိုးဇက်အား စပိန်ဘုရင်အဖြစ်တင်မြောက်ခဲ့သည်။ ဂျိုးဇက် သည် စပိန်ကိုလိုနီနယ်များအား လွတ်လပ်ရေးပေးခဲ့ပြီးနောက် ၁၈၁၀ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ချီလီသည် လွတ်လပ်သောနိုင်ငံတစ်ခုဖြစ်လာခဲ့သည်။ ထိုနေ့အား ချီလီနိုင်ငံ၏ အမျိုးသားနေ့အဖြစ် သတ်မှတ်ထားသည်။

၅။ ၁၉၂၀ ပြည့်နှစ်တွင် အလယ်အလတ်လူတန်းစားများနှင့် အလုပ်သမားလူတန်းစားတို့၏ ထောက်ခံမှုဖြင့် ပြုပြင်ပြောင်းလဲရေးသမား Arturo Alessandri သမ္မတဖြစ်လာခဲ့သည်။ ထိုကာလတွင် မာ့စ်ဝါဒီများအားကောင်းလာခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး Luis Altamirano ဦးဆောင်သော စစ်အာဏာသိမ်းမှုပေါ်ပေါက်လာခဲ့ပြီး ၁၉၃၂ ခုနှစ်အထိ နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သည်။ ထိုမှ ၁၉၂၄ မှ ၁၉၃၂ ခုနှစ်အထိ အစိုးရ ၁၀ဖွဲ့အထိ အပြောင်းအလဲဖြစ်ခဲ့ကာ သက်တမ်းအရှည်ဆုံးအစိုးရမှာ Carlos Ibáñez del Campo ၏ အစိုးရဖြစ်သည်။

၆။ ၁၉၃၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အားရေးဆွဲခဲ့ပြီး Ibáñez del Campo သည် ရွေးကောက်ခံသမ္မတဖြစ်လာခဲ့သည်။ Radical Party သည် ၁၉၃၂ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ နှစ်ပေါင်း ၂၀ ကြာအောင် ချီလီနိုင်ငံရေးအား လွှမ်းမိုးခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် Jorge Alessandri သမ္မတဖြစ်လာခဲ့ပြီး ရှေးရိုးစွဲဝါဒီများ တစ်ဖန်ပြန်လည်အင်အားကောင်းလာခဲ့သည်။ ၁၉၇၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ဝါဒီ Salvador Allende အနိုင်ရရှိခဲ့ပြီး နိုင်ငံတွင်းဆိုရှယ်လစ် လမ်းစဉ်ချမှတ်ကာ ပြုပြင်ရေးများစတင်ဆောင်ရွက်ခဲ့သည်။ အလုပ်သမားလုပ်ခလစာများတိုးမြှင့်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများအား ပြည်သူပိုင်သိမ်းခြင်းစသည့် ဆိုရှယ်လစ်လုပ်ငန်းစဉ်များအား အရှိန်မြှင့်ဆောင်ရွက်ခဲ့သည်။ ထိုအခြေအနေများကြောင့် အမေရိကန်သမ္မတရစ်ချတ်နစ်ဆင်သည် ချီလီနိုင်ငံတွင်းမတည်ငြိမ်မှုများဖြစ်ပေါ်ကာ Allende အစိုးရပြုတ်ကျစေရေး ကြိုးကိုင်ဖန်တီးမှုများ ဆောင်ရွက်ခဲ့သည်။

၇။ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး Augusto Pinochet Ugarte ဦးဆောင်သောစစ်အာဏာသိမ်းမှုဖြစ်ပေါ်ခဲ့သည်။ အာဏာသိမ်းတပ်ဖွဲ့များသည် သမ္မတနန်းတော်အားတိုက်ခိုက်ခဲ့ပြီး အာဏာသိမ်းပွဲအပြီး သမ္မတ Allende သည် မိမိကိုယ်ကိုသတ်သေခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ သမ္မတ၏အလောင်းအား ကျူးဘားခေါင်းဆောင် Fidel Castro မှ လက်ဆောင်အဖြစ် ပေးထားသော AK-47 သေနတ်နှင့်အတူတွေ့ခဲ့ရသည်။ အာဏာသိမ်းပွဲတွင် အမေရိကန်တို့၏ ထောက်ပံ့မှုများပါဝင်ခဲ့ကြောင်း သတင်းထွက်ပေါ်ခဲ့သည်။



**ဗိုလ်ချုပ်ကြီး Augusto Pinochet Ugarte**

၈။ အာဏာသိမ်းပွဲပြီးနောက် Pinochet သည် အာဏာရှင်အဖြစ် နိုင်ငံအား ချုပ်ကိုင်ခဲ့သည်။ ၎င်းလက်ထက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများစွာ ကျူးလွန်ခဲ့ကာ အနည်းဆုံး လူ ၂၀,၀၀၀ ကျော် ဖမ်းဆီးသတ်ဖြတ်ခြင်းခံခဲ့ရသည်။ ၁၉၈၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အခြေခံဥပဒေသစ်အားရေးဆွဲခဲ့ပြီး ဥပဒေအရ Pinochet သည် ၈ နှစ် သက်တမ်းဖြင့် သမ္မတဖြစ်လာခဲ့သည်။ ထိုအခြေအနေတွင် နိုင်ငံတွင်းမကျေနပ်မှုများ တိုးပွားလာကာ လူငယ်အများစုသည် နီကာရာဂွာနိုင်ငံတွင်းရှိ Sandinista သူပုန်အဖွဲ့သို့ ဝင်ရောက်ကြကာ Pinochet အစိုးရအား လက်နက်စွဲကိုင်တော်လှန်ခဲ့ကြသည်။

၉။ ၁၉၈၂ ခုနှစ်၊ စီးပွားပျက်ကပ်ကျရောက်ခဲ့ပြီး ၁၉၈၃ မှ ၁၉၈၈ ခုနှစ်များအတွင်း လူထုအုံကြွမှုများအကြီးအကျယ်ပေါ်ပေါက်လာခဲ့သည်။ အစိုးရသည် လွတ်လပ်စွာပြောဆိုခွင့်၊ ဖော်ထုတ်ခွင့်နှင့်လူ့အခွင့်အရေးများအတွက် အာမခံခဲ့ပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ပထမသမ္မတသက်တမ်းအပြီး Pinochet သည် သက်တမ်းသစ်အတွက်ငြင်းဆန်ခဲ့ပြီး ၁၉၈၉ ခုနှစ်ရွေးကောက်ပွဲတွင် Christian Democrat ပါတီမှ Patricio Aylwin သမ္မတဖြစ်လာခဲ့ခြင်းဖြင့် ချီလီနိုင်ငံ၏ ဒီမိုကရက်တစ် အကူးအပြောင်းစတင်ခဲ့ပါသည်။

**အစိုးရနှင့်နိုင်ငံရေး**

၁၀။ လက်ရှိကျင့်သုံးနေသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် Pinochet အစိုးရလက်ထက် plebiscite ဟုခေါ်သည့် အမျိုးသားဆန္ဒခံယူပွဲကျင်းပကာအတည်ပြုခဲ့သည့်ဥပဒေဖြစ်သည်။ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလတွင် သမ္မတ Ricardo Lagos သည် အဆိုပါ ၁၉၈၀ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်သည့်ဥပဒေကို လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။ အဆိုပါပြင်ဆင်ချက်များအရ ခန့်အပ်ခံလွှတ်တော်အမတ်များနှင့် senators for life ဟု ခေါ်သည့် သက်တော်ရှည်အမတ်များအား ဖြုတ်ချပိုင်ခွင့်၊ ကာကွယ်ရေးဦးစီးချုပ်အား သမ္မတ၏အမိန့်အာဏာဖြင့် ဖြုတ်ချပိုင်ခွင့်များပါဝင်လာခဲ့ပြီး သမ္မတသက်တမ်းကိုလည်း ၄ နှစ်အထိ လျှော့ချခဲ့သည်။

၁၁။ ချီလီနိုင်ငံလွှတ်တော်အား Senate ခေါ် အထက်လွှတ်တော်နှင့် Chamber of Deputies ခေါ် အောက်လွှတ်တော်ဟူသည့်လွှတ်တော် ၂ ရပ်ဖြင့်ဖွဲ့စည်းထားသည်။ Senate တွင် ကိုယ်စားလှယ် ၃၈ ဦးပါဝင်ပြီး သက်တမ်းမှာ ၈ နှစ်ဖြစ်သည်။ Chamber of Deputies တွင် ကိုယ်စားလှယ် ၁၂၀ ဦးပါဝင်ပြီး ၄ နှစ် သက်တမ်းဖြစ်သည်။ Chamber of Deputies ၏ရွေးကောက်ပွဲအား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် သမ္မတရွေးကောက်ပွဲနှင့်အတူ ကျင်းပခဲ့သည်။ လက်ရှိ Chamber of Deputies တွင် အာဏာရဗဟိုလက်ဝဲညွန့်ပေါင်းမဟာမိတ်များမှ အမတ်နေရာ ၆၇ နေရာ၊ အတိုက်အခံ ဗဟိုလက်ယာညွန့်ပေါင်းမဟာမိတ်များမှ ၄၈ နေရာနှင့် ပါတီငယ်များ၊ တစ်သီးပုဂ္ဂလများမှ ၅ နေရာ ရယူထားပါသည်။




Chamber of Deputies တွင် အမတ်နေရာရရှိမှု

၁၂။ ချီလီနိုင်ငံ၏သမ္မတရွေးကောက်ပွဲအား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့ရာ သမ္မတလောင်း ၉ ဦးအနက် မည်သူမျှ သတ်မှတ်မဲအရေအတွက်ဖြစ်သည့် ၅၀ ရာခိုင်နှုန်းထက်ကျော်လွန်၍ မရရှိခဲ့သဖြင့် ထိပ်ဆုံးမှဦးဆောင်သူ ၂ ဦးဖြစ်သည့် ဗဟိုလက်ဝဲညွန့်ပေါင်းမဟာမိတ်မှ Michelle Bachelet နှင့် ဗဟိုလက်ယာညွန့်ပေါင်းမဟာမိတ်မှ Evelyn Matthei တို့အား ဆက်လက်ယှဉ်ပြိုင်စေခဲ့ရာ Michelle Bachelet အနိုင်ရရှိခဲ့ပြီး သမ္မတဖြစ်လာခဲ့သည်။ ၄င်းရွေးကောက်ပွဲသည် Pinochet ခေတ်အလွန် ၆ ကြိမ်မြောက် လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲဖြစ်ခဲ့သည်။ ၎င်းနောက် ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ရွေးကောက်ပွဲတွင် Sebastián Piñera အနိုင်ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ မတ်လမှစ၍ ဒုတိယအကြိမ် သမ္မတဖြစ်လာခဲ့ပါသည်။ ၎င်းသည် ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်တွင်လည်း သမ္မတအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါသည်။



**သမ္မတ Sebastián Piñera**

**စီးပွားရေး**

၁၃။ ချီလီနိုင်ငံ၏စီးပွားရေးတွင် ကမ္ဘာ့ဘဏ်၏စစ်တမ်းအရ စီးပွားရေးဝင်ငွေအမြင့်ဆုံး တိုင်းပြည်များတွင်ပါဝင်သည်။ ချီလီသည် တောင်အမေရိကတွင် တည်ငြိမ်ဖွံ့ဖြိုးသော နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ၂၀၁၈ ခုနှစ် (ခန့်မှန်း)တွင် နိုင်ငံသားတစ်ဦးချင်း GDP မှာ USD ၁၅,၀၈၇ ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် GDP အများဆုံးကဏ္ဍမှာ သတ္တုတူးဖော်ရေး (ကြေးနီ)၊ စီးပွားရေးဝန်ဆောင်မှုများ၊ တစ်ဦးချင်းဆိုင်ရာဝန်ဆောင်မှုများ၊ ကုန်ပစ္စည်း ထုတ်လုပ်ရေး၊ ဖြန့်ချီရေးနှင့် ကုန်သွယ်မှုတို့ဖြစ်သည်။ သတ္တုကဏ္ဍတင်ပို့မှုမှာ ၅၉.၉% ဖြစ်ပြီး ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတင်ပို့မှုမှာ ၃၄ % ဖြစ်၍ စားသောက်ကုန်၊ ဓါတုပစ္စည်းများ၊ စက္ကူနှင့် အခြားပစ္စည်းများတို့ဖြစ်သည်။

၁၄။ ချီလီနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံလည်းဖြစ်ပြီး လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍသည် ၂၀၀၇ ခုနှစ်တွင် GDP ၏ ၄.၉ % ဖြစ်ပြီး နိုင်ငံ၏လုပ်သားအင်အား ၁၃.၆% ခန့်လုပ်ကိုင်ကြသည်။

၁၅။ ချီလီနိုင်ငံသည် ဥရောပသမဂ္ဂ၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ စင်္ကာပူ၊ ဘရူနိုင်းနှင့် ဂျပန်နိုင်ငံတို့နှင့် လွတ်လပ်စွာကုန်သွယ်ခွင့်စာချုပ်များ ချုပ်ဆိုထားပြီးဖြစ်သည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန်နှင့် ချီလီကွန်ဂရက်များ၏ အတည်ပြုချက်များအရ အမေရိကန် - ချီလီလွတ်လပ်စွာကုန်သွယ်ခွင့်ကိုဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် အိန္ဒိယနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးညှိနှိုင်းမှုများကို ဆောင်ရွက်ခဲ့သည်။ ချီလီနိုင်ငံသည် ၂၀၀၇ ခုနှစ်တွင် သြစတြေးလျ၊ မလေးရှား၊ ထိုင်းနိုင်ငံတို့နှင့် ကုန်သွယ်ရေးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၂၀၀၈ ခုနှစ်တွင် သြစတြေးလျနိုင်ငံနှင့် လွတ်လပ်စွာကုန်သွယ်ရေးညှိနှိုင်းမှု ပြီးဆုံးခဲ့ပြီး တရုတ်နိုင်ငံနှင့်လည်း သဘောတူညီမှုများပိုမိုဆောင်ရွက်လာခဲ့သည်။ ချီလီနိုင်ငံသည် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုန်သွယ်မှု ဖြန့်ကြက်ရန် အာရှဈေးကွက်ကို ဦးတည်လာခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ချီလီ-ဗီယက်နမ်လွတ်လပ်စွာကုန်သွယ်ခွင့်သည် တရားဝင်အသက်ဝင်လာခဲ့သည်။

**အုပ်ချုပ်ရေးနယ်မြေများ**

၁၆။ အုပ်ချုပ်ရေးနယ်မြေ ၁၅ ခုပိုင်းခြားသတ်မှတ်ထားပြီး အဆိုပါအုပ်ချုပ်ရေး နယ်မြေတစ်ခုစီအား သမ္မတမှခန့်အပ်သည့် intendant ဟုခေါ်သည့် အုပ်ချုပ်ရေးအရာရှိတစ်ဦးစီမှ အုပ်ချုပ်သည်။ အဆိုပါနယ်မြေကြီးများအား စီရင်စုများထပ်မံပိုင်းခြားသတ်မှတ်ထားပြီး စီရင်စုများအား မြူနီစပယ်ဒေသများဖြင့် ဖွဲ့စည်းထားပါသည်။ အုပ်ချုပ်ရေးနယ်မြေကြီး ၁၅ ခု မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Administrative divisions of Chile | | | | | |
|---|---|---|---|---|---|
| No. | Region[72][75][76] | Population[4] | Area (km²)[3] | Density | Capital |
| XV | Arica y Parinacota | 224 548 | 16 873,3 | 13,40 | Arica |
| I | Tarapacá | 324 930 | 42 225,8 | 7,83 | Iquique |
| II | Antofagasta | 599 335 | 126 049,1 | 4,82 | Antofagasta |
| III | Atacama | 285 363 | 75 176,2 | 3,81 | Copiapó |
| IV | Coquimbo | 742 178 | 40 579,9 | 18,67 | La Serena |
| V | Valparaíso | 1 790 219 | 16 396,1 | 110,75 | Valparaíso |
| RM | Santiago Metropolitan | 7 036 792 | 15 403,2 | 461,77 | Santiago |
| VI | Libertador General Bernardo O'Higgins | 908 545 | 16 387 | 54,96 | Rancagua |
| VII | Maule | 1 033 197 | 30 296,1 | 34,49 | Talca |
| VIII | Biobío | 2 018 803 | 37 068,7 | 54,96 | Concepción |
| IX | Araucanía | 938 626 | 31 842,3 | 30,06 | Temuco |
| XIV | Los Ríos | 380 181 | 18 429,5 | 20,88 | Valdivia |
| X | Los Lagos | 823 204 | 48 583,6 | 17,06 | Puerto Montt |
| XI | Aysén del General Carlos Ibáñez del Campo | 102 317 | 108 494,4 | 0,95 | Coyhaique |
| XII | Magallanes and Chilean Antarctica | 165 593 | N | 1,26 | Punta Arenas |

## လူမှုရေး

၁၇။ မက္ကဆီကိုနိုင်ငံ National Autonomous University of Mexico မှ ပရော်ဖက်ဆာ Francisco Lizcano ၏သုတေသနပြုချက်အရ ချီလီနိုင်ငံလူဦးရေ၏ ၅၂.၇ ရာခိုင်နှုန်းသည် လူဖြူများဖြစ်ပြီး ၃၉.၃ ရာခိုင်နှုန်းသည် mestizo များနှင့် ၈ ရာခိုင်နှုန်းသည် Amerindian များဖြစ်ကြောင်းသိရှိရသည်။ နောက်ဆုံးပြုလုပ်ခဲ့သော Candela Project အရ ချီလီနိုင်ငံသားများ၏၅၂ ရာခိုင်နှုန်းသည် ဥရောပတိုက်မျိုးရင်းလူမျိုးများဖြစ်ပြီး ၄၄ ရာခိုင်နှုန်းသည် ဒေသခံအမေရိကန်မျိုးရင်း (Amerindian) များဖြစ်ကာ ၅ ရာခိုင်နှုန်းသည် အာဖရိကန်မျိုးရင်းများဖြစ်ကြောင်း သိရှိရသည်။

၁၈။ ၂၀၁၂ ခုနှစ်သန်းခေါင်စာရင်းအရ ချီလီနိုင်ငံ၏လူဦးရေသည် ၁၆ သန်းကျော်ဖြစ်သည်။ ကိုးကွယ်မှုများအနေဖြင့် ရိုမန်ကတ်သိုလစ်ဘာသာဝင် ၅၅ ရာခိုင်နှုန်း၊ ပရိုတက်စတင့် ၁၃ ရာခိုင်နှုန်း၊ ဘာသာမဲ့ ၂၅ ရာခိုင်နှုန်းနှင့် အခြားဘာသာဝင် ၇ ရာခိုင်နှုန်းဖြစ်ပါသည်။

# မြန်မာနိုင်ငံဆိုင်ရာချီလီသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Christain Rehren ၏ ကိုယ်ရေးအကျဉ်း



**H.E. Mr. Christain Rehren** ကို ၁၉၅၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၂ ခုနှစ်တွင် ချီလီနိုင်ငံသံတမန်ရေးရာသင်တန်းကျောင်းမှ ဘွဲ့ရရှိခဲ့သည်။ သံတမန်ဝန်ထမ်းတစ်ဦးအနေဖြင့် ချီလီနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အီကွေဒေါ၊ အယ်လ်ဆာဗေးဒေါ၊ ရိုမေးနီးယား၊ ဗြိတိန်၊ ဂျပန်နိုင်ငံတို့ရှိ ချီလီသံရုံးများ၌ တာဝန်ထမ်းဆောင်ခဲ့ပြီး နယူးယောက်မြို့ရှိ ချီလီအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ဝါရှင်တန်ဒီစီမြို့ရှိ အမေရိကတိုက်နိုင်ငံများအဖွဲ့အစည်း၏ အလှည့်ကျကိုယ်စားလှယ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မလေးရှားနိုင်ငံဆိုင်ရာ ချီလီသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် အထိ ချီလီနိုင်ငံခြားရေးဝန်ကြီးဌာန၊ အမေရိကဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိတွင် ထိုင်းနိုင်ငံဆိုင်ရာချီလီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။